# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၄ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

**အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ စတင်ဖွံ့ဖြိုးလာစေရေး တင်သွင်း၊ ထုတ်လုပ်၊ အသုံးပြုပြေးဆွဲရန်အတွက် လိုအပ်သည့် မူဝါဒ၊ လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များချမှတ်နိုင်ရေး ညွှန်ကြားခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုထုတ်ပြန်နိုင်ရန်အတွက် **"အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၁ ) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ ( ၂ ) |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဥက္ကဋ္ဌ<br>နေပြည်တော်ကောင်စီ | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဌ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်များနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လျှပ်စစ်ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ စတင်ဖွံ့ဖြိုးလာရေး တင်သွင်း၊ ထုတ်လုပ်၊ အသုံးပြု/ ပြေးဆွဲရန်အတွက် လိုအပ်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး ညွှန်ကြားခြင်း၊ လမ်းညွှန်ခြင်းနှင့် အတည်ပြုထုတ်ပြန်ခြင်း၊

(ခ) တင်သွင်းအသုံးပြုမှုမှ ရေရှည်တွင် ထုတ်လုပ်သုံးစွဲလာနိုင်ရေး အကျိုးခံစားခွင့်များ၊ အထူးအခွင့်အရေးများနှင့် သက်သာခွင့်များ ဖန်တီးဖော်ဆောင်ပေးခြင်း၊

(ဂ) လျှပ်စစ်ယာဉ်များ အသုံးပြုလာနိုင်ရေးအတွက် ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းနှင့်အတူ ဘဏ္ဍာငွေသုံးစွဲမှု၊ ဘဏ္ဍာငွေနှင့် မသက်ဆိုင်သည့် မက်လုံးပေးမှုနှင့် အခြားစီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ပံ့ပိုးပေးနိုင်ရေး လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဃ) အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာ အစီအမံများ ချမှတ်ခြင်း၊

(င) လျှပ်စစ်ယာဉ်အပါအဝင် ဘက်ထရီနှင့် အားသွင်းစနစ်များ၊ ဆက်စပ်ပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဦးစားပေး ဖိတ်ခေါ်မည့်အစီအမံများ ချမှတ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) တင်သွင်း၊ တင်ပို့၊ ထုတ်လုပ် အသုံးပြုသည့် လျှပ်စစ်ယာဉ် အပါအဝင် ဘက်ထရီ၊ အားသွင်းစနစ်များနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ စံသတ်မှတ်ချက်၊ စည်းမျဉ်းများ နှင့်အညီ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(ဆ) ယာဉ်မောင်းသူများနှင့် ယာဉ်စီးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ သတိပြုရန်အချက်များနှင့် လိုက်နာရန်အချက်များကို အတည်ပြုခြင်း၊ ထုတ်ပြန် ကြေညာခြင်း၊

(ဇ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် လျှပ်စစ်ယာဉ်များနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများ နိုင်မာအားကောင်းလာစေရေး အစီအမံများချမှတ်ခြင်းနှင့် သုတေသနလုပ်ငန်းများ အတွက် အထောက်အပံ့ကောင်းများ ဖန်တီးပေးခြင်း၊

(ဈ) ဦးဆောင်ကော်မတီမှ ချမှတ်သော လုပ်ငန်းတာဝန်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ - ၆ - ၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၄ / ၂၀၂၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး